
သိန်းမင်းစာပေ
လုံးချင်းဝတ္ထုသစ်
မင်းရဲ့ သံသယတွေဖယ်ပေးပါ
ပန်းချီ သိန်းရွှေကြည်

# အခန်း(၁)

ဖူးပွင့်ဝေအား ဖေဖေဦးစောမောင်နှင့် မေမေဒေါ်သီရိက လေဆိပ်သို့ လိုက်ပို့သည် ။ ဖူးပွင့်ဝေက ပြည်တွင်းဝင်ပေါက်ကနေလေဆိပ်အဆောက်အအုံထဲသို့ဝင်ပြီးမှ မိဘနှစ်ပါးစလုံး ပြန်သွားကြသည် ။

လေယာဉ်ချိန်ကလိုသေးသဖြင့် ဖူးပွင့်ဝေက ခရီးသည် များ နားနေထိုင်ခုံတွင် ထိုင်ပြီးစောင့်ဆိုင်းနေသည် ။ သံတွဲသို့သွားမည့် ခရီးသည်များက စည်ကားနေသည် ။

ထိုင်စောင့်နေရင်း ရေငတ်လာ၍ ဖူးပွင့်ဝေက ရေသန့်တစ်ဘူးဝယ်သောက်ရန် စိတ်ကူးသည် ။ သူထိုင်နေသော ပလတ်စတစ်ကုလားထိုင်ပေါ်သို့ လက်ထဲမှ တစ်နိုင်ဆွဲလာသော ဆွဲအိတ်ကိုတင်ထားခဲ့ပြီး ရေသန့်ဘူးသွားဝယ်သည် ။

မြင်သာသည့် နေရာကနေ သူ့နေရာကိုလှမ်းကြည့်နေသည် ။ ထားခဲ့သောအိတ်ကို စိတ်မချစွာနှင့် ရေသန့်ဘူးဝယ်ရင်း လှမ်းကြည့်နေသည် ။

"ကျွတ်...ဟိုလူကလဲ ငါ့နေရာကိုယူလိုက်ပြန်ပြီ"

အရပ်မြင့်မြင့် ကိုယ်လုံးကျစ်ကျစ်လျစ်လျစ် သန်မာစွာရှိသော သူတစ်ယောက်၊ သူ့ရဲ့ နေရာမှာ ဝင်ထိုင်လိုက်သည် ကိုတွေ့ရပြီးဖူးပွင့်ဝေက စိတ်တိုသွားသည် ။

"နေနှင့် ဦး၊ အဲဒီလူကို ကောင်းကောင်း ရန်တွေ့ပစ်လိုက်မယ်"

ရေသန့်ဘူးထဲက အေးမြနေသောရေကို ပိုက်ကလေးနှင့် စုပ်သောက်ပြီး သူ့နေရာဆီသို့ပြန်လာခဲ့သည် ။ ခုံတန်းအတွင်းသို့ တိုးဝင်လိုက်ရင်း သူ့ရဲ့ အိတ်ကိုကြည့်လိုက်သည် ။

"ဟင်...ငါ့အိတ်မရှိတော့ပါလား"

အိတ်အတွက်စိတ်ပူပြီး အလောတကြီးလျှောက်သွားသည် ။ စောစောကလူအနားသို့ရောက်ခဲ့ပါပြီ။

"အမေ့"

ဖူးပွင့်ဝေက ထိုသူရဲ့ ခြေထောက်နှင့် ခလုတ်တိုက်ပြီးမှောက်လျက်လဲမလိုဖြစ်သွား၍ ထိုသူက လှမ်းဖမ်းလိုက်သည် ။ လက်ထဲကရေသန့်ဘူး လွင့်စဉ်သွားသည် ။

"ဘယ်လိုဖြစ်တာလဲ"

ပြုံးစစနှင့် ထိုလူချောက သူတို့ ကြည့်ပြီးပြောတော့ ဖူးပွင့်ဝေက ရှက်ဒေါသလေးဖြစ်သွားသည် ။

"ရှင် ဘာပြုလို့ ကျွန်မနေရာကို ဝင်ထိုင်ရတာလဲ"

"ဟောဗျာ...စွပ်စွပ်စွဲစွဲ၊ ခင်ဗျားနေရာကို ဘယ်သူက ဝင်ထိုင်လို့ လဲ"

"ဒီနေရာက ကျွန်မနေရာ၊ ကျွန်မရဲ့ အိတ်ကို ရှင်ဘယ်ပစ်လိုက်ပြီလဲ
"

"မင်း ဘယ်လိုမိန်းကလေးလဲ၊ ကိုယ့်ခြေထောက်ကိုလဲတက်နင်းပြီး ခလုတ်တိုက်သေးတယ်၊ မတောင်းပန်တဲ့ အပြင် မင်းကစွပ်စွဲချက်တွေ တစ်ခုပြီးတစ်ခုပါလား"

"စောစောကတည်းက ကိုယ့်ကို မင်းလှမ်းလှမ်းကြည့်နေတာ ဘာသ

ဘောလဲ"

"ကျွန်မနေရာကို ရှင်ဝင်ထိုင်လိုက်လို့ ပေါ့"

"ကိုယ့်ကိုအရောဝင်ချင်လို့ မင်း လှည့်ကွက်တွေသုံးနေတာမဟုတ်လား၊ အခုလိုပုံစံကြီးနဲ့ ချဉ်းကပ်တာ မကောင်းပါဘူးကွာ"

"ဟင်…ရှင်…ရှင် မိုက်ရိုင်းလှချည်လား"

ခပ်ကြောကြောကြီးနှင့် ပြုံးထေ့ထေ့ပြောနေသော ကိုလူချောကို ဖူးပွင့်ဝေက အရမ်းကိုဒေါသဖြစ်နေသည် ။ ထိုသူက မျက်နှာရဲရဲလေးနှင့် ရှက်ဒေါသဖြစ်နေသော မိန်းကလေးကိုကြည့်ပြီး အလွန်စ,ချင်နောက်ချင်နေ၍ တမင် ထိုမိန်းကလေးရဲ့ စိတ်ကို ဆွနေသည် ။

"ရှင်နော် ကလိန်ကကျစ်မလုပ်နဲ့ ၊ ကျွန်မရဲ့ အိတ်ကိုဘယ်မှာ ထားလိုက်လဲ"

"မင်းအိတ်ကို ကိုယ်မထိပါဘူးကွာ၊ စောစောကမင်းဘယ်နေရာထိုင်ခဲ့လဲ သေသေချာချာပြန်ကြည့်ပါဦး"

"ဒီနေရာပဲ"

"ဇွတ်ကြီးမငြင်းနဲ့ လေ၊ သေသေချာချာပြန်ကြည့်ပါဦး"

သည် တော့မှ ဖူးပွင့်ဝေက နောက်ကခုံအတန်းကို လှမ်းကြည့်လိုက်သည် ။

"ဟဲ တော့"

နောက်ဘက်ခုံအတန်း ပလတ်စတစ်ခုံလေးပေါ်တွင် ငြိမ်သက်စွာရှိနေသော သူ့ရဲ့ အိတ်လေးကိုတွေ့ပြီး ပါးစပ်အဟောင်းသားနှင့် မျက်လုံးလေးပြူးဝိုင်းသွားသည် ။

"ဘာလဲ၊ မင်းအိတ်ကိုတွေ့ပြီမဟုတ်လား"

"ဟုတ်တယ်"

"မင်းဘာသာ နမော်နမဲ့နိုင်ပြီးကွာ၊ သူတစ်ပါးကိုများ စွပ်စွဲရတယ်လို့ "

"အဲ့ဒီအတွက် ဆောရီးပဲ"

"ဆောရီးတစ်လုံးနဲ့ ကျေအေးလိုက်ရမှာ လား"

"ရှင်ဟာ လူ့ယဉ်ကျေးတစ်ယောက်ဆိုရင် ဒီလိုဆောရီးတစ်လုံးနဲ့ ခွင့်လွှတ်လက်ခံရတယ်ဆိုတာ နားလည်မှာ ပါ"

ဖူးပွင့်ဝေရဲ့ အပြောကြောင့် ထိုလူချော၏ ပိပြတ်သောနှုတ်ခမ်းထောင့်စွန်းလေး ခပ်ကွေးကွေးဖြစ်သွားသည် ။ စူးရှအရည်လဲ့နေသော မျက်ဝန်းတွေနှင့် ဖူးပွင့်ဝေကိုကြည့်နေသည် ။

သူ့အကြည့်ထဲတွင် လှောင်ရိပ်တွေမြူးကြွနေ၏။ ဖူးပွင့်ဝေက ကျိတ်ပြီးဒေါသဖြစ်သွားရပြန်သည် ။ ရင်တွင်းခံစားနေရသောဒေါသကြောင့် ဖူးပွင့်ဝေရဲ့ နှုတ်ခမ်းလေး စူပုတ်ပုတ်ဖြစ်သွားသည် ။

"ကိုယ်စိတ်ဝင်စားအောင်လုပ်လိုက်တဲ့ မင်းရဲ့ နည်းဗျူဟာက မဆိုးပါဘူး"

"ရှင်ဟာ သူများ သားပျိုသမီးပျိုကို အတော်ထိပါးစော်ကားတတ်တဲ့ လူပဲ"

"မင်းကြည့်ရတာ ခပ်ကဲကဲမိန်းကလေးလို့ ထင်ပြီး ပြောမိတာ ကိုယ်မလွန်ပါဘူးကွာ"

ဒေါသမျက်နှာရဲရဲလေးနှင့် သူ့ကိုအံကြိတ်ပြီးကြည့်နေသော ဖူးပွင့်ဝေကို မျက်နှာချိုသွေးလိုက်ပြန်သည်။

"စောစောက ကိုယ်နဲ့ ခလုတ်တိုက်မိပြီး မင်းရေဘူးမှောက်သွားတာ အစားပြန်ဝယ်ပေးမယ်နော်၊ အိတ်လဲသွားယူပေးမယ်"

"နေပါစေ၊ ကျွန်မရဲ့ အိတ်၊ ကျွန်မဘာသာယူမယ် ရေသန့်လဲဝယ်ပေးစရာမလိုဘူး"

"ငြင်းမနေပါနဲ့ မိန်းကလေးရယ်၊ မောပါတယ်၊ ကိုယ်ပဲသွားယူပေးပ့ါမယ်"

ဖူးပွင့်ဝေ မတားနိုင်ခင်မှာ ပဲ ထိုသူက အနားက ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွားသည်။

"ဒီလူက အတော်ချောတဲ့ လူပဲ၊ ကြည့်ရတာ ဗရုတ်ကြီးလားမသိဘူး"

နုနုငယ်ငယ် ဖူးဖူးစင်စင်လေးနှင့် လှနေသော ဖူးပွင့်ဝေက ထိုသူကို သုံးသပ်လိုက်သည်။ နိုင်ဦးဇော်က ဖူးပွင့်ဝေရဲ့ လက်ဆွဲအိတ်ကို သွားယူပြီး ရေသန့်တစ်ဘူးဝယ်ကာ ဖူးပွင့်ဝေအနားသို့ ပြန်ရောက်လာသည်။

ဖူးပွင့်ဝေရဲ့ ဘေးက ထိုင်ခုံအလွတ်မှာ ဝင်ထိုင်ပြီး ဖူးပွင့်ဝေရဲ့ လက်ဆွဲအိတ်ကို လှမ်းပေးလိုက်သည်။ ပြီးတော့ ရေသန့်ဘူးကိုဖောက်ပြီး ပိုက်ကလေးတပ်ကာ ဖူးပွင့်ဝေကိုလှမ်းပေးလိုက်သည်။

"မင်း သိပ်ပြီးရေသောက်ချင်နေတာမဟုတ်လား၊ သောက်လိုက်ပါဦး"

"ကျေးဇူးပဲ"

မယူမချင်းပေးမည့် လူစားဆိုတာသိ၍ ဖူးပွင့်ဝေက ရေသန့်ဘူးကို

ယူသောက်လိုက်သည် ။ ထိုသူကို အမြင်ကတ်သလိုရှိပေမယ့်သူပေး သောရေက ခြောက်နေသောလည်ချောင်းတစ်လျှောက် အေးစိမ့်စီးဝင်ပြီး ရင်အေးသွားသည် က အမှန်ပါ။

"မင်းတစ်ယောက်တည်းလား၊ ခရီးသွားဖော် မပါဘူးလား"

"မြင်တဲ့ အတိုင်းပဲလေ"

"ဒါဆို တစ်ယောက်တည်းလား"

ဖူးပွင့်ဝေက ခေါင်းညိတ်ပြီးဖြေလိုက်သည် ။

"ကိုယ်လဲ တစ်ယောက်တည်းပဲ"

"ယောကျ်ားသားတစ်ယောက်တည်း ခရီးသွားတာ မဆန်းပါဘူး"

"ခရီးသွားတာတင် မဟုတ်ဘူး လေ၊ ကိုယ်ဆိုလိုတာကတစ်ယောက် တည်းသမားလို့ ပြောတာ"

"ရှင့်ဘာသာ ဘယ်နှစ်ယောက်တည်းသမားပဲဖြစ်ဖြစ်ကျွန်မကိုပြော စရာမလိုပါဘူး"

"သိအောင်လို့ ကြိုတင်ကြေညာထားတာပါ"

ဖူးပွင့်ဝေက မထိတထိပြောနေသော နိုင်ဦးဇော်ကို ပစ်ခတ်မျက်စော င်းထိုးလိုက်သည် ။

"ကိုယ့်နာမည်က နိုင်ဦးဇော်ပါ၊ မင်းနာမည်ရော"

ဖူးပွင့်ဝေကမဖြေဘဲ မျက်နှာကိုလွှဲပစ်လိုက်သည် ။ နိုင်ဦးဇော်ရဲ့ အကြည့်က ဖူးပွင့်ဝေရဲ့ လက်ဆွဲအိတ်ပေါ်သို့ရောက်သွားသည် ။ လက် ဆွဲအိတ်တွင် ဖူးပွင့်ဝေရဲ့ အမည်ကတ်ပြားလေးကရှိနေသည် ။

"သြော်...မင်းနာမည်က ဖူးပွင့်ဝေကိုး"

"ရှင် ဘယ်လိုသိ..."

ဖူးပွင့်ဝေရဲ့ အမေးက မဆုံးလိုက်ပါ။ နိုင်ဦးဇော်ကြည့်နေသော သူ့အိတ်ကကတ်ပြားလေးကို သတိရသွားသည် ။

"နာမည်နဲ့ လူနဲ့ က သိပ်ပြီးဟပ်နေတာပဲ"

ဖူးပွင့်ဝေက အမြင်ကတ်ကတ်နှင့် မကြားချင်ယောင်ဆောင်နေသည် ။ ဘာကြောင့် မှန်းမသိ နိုင်ဦးဇော် အနားမှာ ရှိနေသည့် အတွက် ဖူးပွင့်ဝေရင်ခုန်နေသည် ။

"မင်း သံတွဲကိုသွားမှာ နော်"

"ဟုတ်တယ် ရှင်နဲ့ ခရီးစဉ်မတူပါဘူး။

"ဘယ်သူပြောလဲ မတူဘူးလို့ ၊ ကိုယ်က သံတွဲကိုသွားမှာ အတိအကျပဲ။

ခရီးစဉ်အတူသွားရမှာ ကို ဖူးပွင့်ဝေက စိတ်ညစ်သွားသည် ။

"တစ်ယောက်တည်းသွားရတာကို အားမငယ်နဲ့ နော်၊ ကူညီပေးပါ့မယ်"

"ရပါတယ်၊ လေးဆယ့်ငါးမိနစ်လောက်သွားရတဲ့ ခရီးစဉ်ကို သွားရဲလို့ တစ်ယောက်တည်း ထွက်လာတာပေါ့"

ဖူးပွင့်ဝေက မာဆတ်ဆတ်လေးပြောပြီး မျက်နှာကိုချိုကာ လွှဲလိုက်သည် ။ ဖူးပွင့်ဝေက သူ့ကိုမကြည့်ဘဲ အကြည့်ကို တခြားနေရာတွေဆီသို့ ပို့ထားသည် ။

ထိုအချိန်မှာ ညှော့ကြိုအမျိုးသမီးရဲ့ အသံကထွက်ပေါ်လာသည် ။ သံတွဲမြို့သို့လိုက်ပါမည့် ခရီးသည် များကို လေယာဉ်ပေါ်တက်ခိုင်းနေပါပြီ။

"ဟော ခေါ်နေပြီ။ ကွင်းထဲသွားကြရအောင်"

"ရပါတယ်၊ ရှင်သွားနှင့် ၊ ကျွန်မဖြည်းဖြည်းပဲလျှောက်လာမယ်"

"လာပါ၊ မင်းတစ်ယောက်တည်းဖြစ်နေမှာ စိုးလို့ "

ကျွန်မအတွက် အဖော်မလိုပါဘူး"

ထိုသို့ပြောရင်း ဖူးပွင့်ဝေက စိတ်တိုတိုနှင့် ရပ်လိုက်သည် ။ လက်ထဲကပိုက်ဆံအိတ်က လွတ်ကျသွားပြီး ခလုတ်ပွင့်ကာ အထဲကပစ္စည်းတွေလွင့်ထွက်သွားသည် ။

သည် လူကို ပ, ထုတ်ချင်ခါမှ သူ့ရဲ့ အကူအညီကို ထပ်ယူလိုက်ရသည့် အတွက် ဖူးပွင့်ဝေက စိတ်ညစ်သွားသည် ။

ပိုက်ဆံအိတ်နှင့် အတွင်းကပစ္စည်းများကောက်ထည့်ရန် အထိုင်လိုက်မှာ နိုင်ဦးဇော်ပါထိုင်လိုက်သဖြင့် ပြိုင်တူဖြစ်သွားပြီး နဖူးချင်းဆောင့်မိသွားသည် ။

"အား"

ဖူးပွင့်ဝေက ရုတ်တရက် လန့်ပြီးနာသွားသဖြင့် လွှတ်ခနဲ အသံလေးထွက်သွားသည် ။

"ဆောရီးနော် နာသွားသလားဟင်"

"ရပါတယ်"

"ကိုယ်ကောက်ပေးပါ့မယ်"

နိုင်ဦးဇော်က ပြန့်လွင့်သွားသော နှုတ်ခမ်းနီဘူး၊ ခရင်ပတ်(ပ)ဘူး၊ ဘီး စသည် ဖြင့် ဖူးပွင့်ဝေရဲ့ ပိုက်ဆံအိတ်နှင့် အသုံးအဆောင်များကို ကောက်ပြီး အိတ်ထဲထည့်ပေးသည် ။

"ရော့...သွားကြစို့၊ ခရီးသည် တွေ လေယာဉ်ပေါ်ရောက်ကုန်လော က်ပြီ"

ဖူးပွင့်ဝေနှင့် သူတို့ နှစ်ယောက် အတူယှဉ်ပြီး လျှောက်လိုက်ရသည် ။

"အဲ့ဒီလက်ဆွဲအိတ် ကိုယ့်ကိုပေးပါ"

"ရပါတယ်"

"မနိုင်မနင်းနဲ့ ကွာ ကြည့်မကောင်းပါဘူး"

ဖူးပွင့်ဝေရဲ့ လက်ထဲကအိတ်ကို သူကဆွဲယူလိုက်၍ ပေးလိုက်ရပြန် သည် ။

"မြန်မြန်လျှောက်"

ခြေလှမ်းကျဲကြီးတွေနှင့် သူကလျှောက်သွားသဖြင့် ဖူးပွင့်ဝေက သူ့ ကိုမီအောင် မနည်းကြီးလိုက်နေ ရသည် ။ ခရီးသည် တွေထဲမှာ သူတို့ နှ စ်ယောက်က နောက်ဆုံးဖြစ်နေသည် ။

လေယာဉ်ပေါ်သို့ ခပ်သွက်သွက်တက်လိုက်သည် ။ ဘေးချင်းယှဉ်လျှ က် ခုံအလွတ်နှစ်ခုနေရာမှာ နိုင်ဦးဇော်က ရပ်လိုက်သည် ။

"ဖူးပွင့်ဝေက ဘယ်ဘက်မှာ ထိုင်မှာ လဲ"

"ပြတင်းပေါက်ဘက်မှာ ထိုင်မယ်"

ဒါဆို အထဲဝင်"

အတွင်းခုံသို့ ဖူးပွင့်ဝေက တိုးအဝင်လိုက် သူ့ရဲ့ ကိုယ်နှင့် ပွတ်တိုက် မိသွားသည် ။ ဂျင်းဘောင်းဘီအပြာ၊ စပို့ရှပ်အပြာနုရောင်နှင့် မြင့်မြင့် မားမား ကြည့်ကောင်းနေသောသူ့ကြောင့် ဖူးပွင့်ဝေရင်ခုန်ရပြန်သည် ။

ဖူးပွင့်ဝေရဲ့ လက်ဆွဲအိတ်ကို ခေါင်းပေါ်ကတန်းမှာ သူကတင်ပေးသည် ။ ဖူးပွင့်ဝေက လေယာဉ်ပြတင်း ပေါက်ကနေ အပြင်ကို ငေးကြည့်နေလိုက်သည် ။

ခရီးသည် အားလုံး လေယာဉ်ပေါ်ရောက်ပြီမို့ လေယာဉ်ကာ လေှကားတံခါးပင် ပိတ်သွားသည် ။ စက်နှိုး ပြီးနောက် မထွက်ခွာမီ ခရီးသည် များကို ထိုင်ခုံခါးပတ် ပတ်ခိုင်းသည် ။

"ဖူးပွင့်ဝေ ခါးပတ်ပတ်လိုက်ဦးလေ"

"ဟုတ်ကဲ့"

ဖူးပွင့်ဝေက ခပ်သွက်သွက်လေးပင် ခါးပတ်ကိုပတ်လိုက်သည် ။ လေယာဉ်က ပြေးလမ်းကြောင်းမှာ စတင်ပြေးပါပြီ၊ ဖူးပွင့်ဝေက အပြင်သို့ငေးကြည့်ပြီး လိုက်ပါလာသည် ။

*****

# အခန်း(၂)

ဖူးပွင့်ဝေက နိုင်ဦးဇော်နှင့် စကားမပြောချင်၍ မျက်စိကိုပိတ်ထားပြီး ငိုက်ချင်ဟန်ဆောင်လိုက်သည် ။ နိုင်ဦးဇော်က ဖူးပွင့်ဝေကို လှည့်ကြည့်ပြီး မေးနေပါသေးသည် ။

"ဖူးပွင့်ဝေ ခေါင်းမူးလို့ လား"

"မမူးပါဘူး"

"ဒါဖြင့် ဘာလို့ မျက်လုံးပိတ်ထားရတာလဲ"

ဖူးပွင့်ဝေက မကြည်လင်သောအကြည့်နှင့် နိုင်ဦးဇော်ကိုကြည့်လိုက်သည် ။

"ကျွန်မမျက်လုံးကို ကျွန်မဘာသာပိတ်တာ ဘယ်သူ့ကိုများ အကြောင်းပြနေရဦးမှာ လဲ"

"ကိုယ်က မင်းများ ခေါင်းမူးနေလားလို့ စေတနာနဲ့ ပါ"

"ကျွန်မက လေယာဉ်ကိုအခုမှ စီးတာ မဟုတ်ဘူး ရှင့်၊ စီးဖူးတယ်"

"ဟာ....ဘာပြုလို့ ရန်တွေ့နေရတာလဲ ဖူးပွင့်ဝေ"

"ကျွန်မအေးအေးဆေးဆေးနေချင်လို့ တဆိတ်လောက် ရှင့်ပါးစပ်ပိတ်ပြီးနေပေးပါ"

"ကောင်းပါပြီဗျာ"

ဖူးပွင့်ဝေရဲ့ စိတ်ဆိုးနေသောမျက်နှာလှလှလေးကိုကြည့်ပြီး နိုင်ဦး ဇော်က သဘောကျစွာရယ်လိုက် သည် ။ ဖူးပွင့်ဝေက သူ့ကို မျက်စောင်း တစ်ချက်ပစ်ထိုးပြီး မျက်စိကိုပြန်မှိတ်ထားလိုက်သည် ။

ဖူးပွင့်ဝေရဲ့ မျက်စောင်းက နိုင်ဦးဇော်ရဲ့ နှလုံးသားတည့်တည့်ကို ထိ မှန်သွားသည် ။ ဖူးပွင့်ဝေကို နိုင်ဦးဇော် စိတ်ဝင်စားသွားပါတော့သည် ။

ဖူးပွင့်ဝေက မျက်စိကိုမှ ိတ်ထားသော်လည်း သူ့ရဲ့ စိတ်အစဉ်က ဖြစ်ပြီးခဲ့သော အတိတ်ကာလဆီသို့ ပြေးသွားနေသည် ။

******

ဖူးပွင့်ဝေသည် အဖဦးစောမောင်၊ အမေဒေါ်သီရိတို့ ၏ တစ်ဦးသော သမီးဖြစ်သည် ။ ဖူးပွင့်ဝေကို မိဘနှစ်ပါးစလုံးက အလိုလိုက်ခဲ့သော်လ ည်း ဖူးပွင့်ဝေသည် လိမ္မာသိတတ်သော သမီးတစ်ယောက်ဖြစ်ခဲ့သည် ။

ဖူးပွင့်ဝေက ဆယ်တန်းအောင်ပြီး အဝေးသင်တက္ကသိုလ်သို့တက်သ ည် ။ တစ်ဖက်ကလည်း ဟိုတယ်ချက်ပြုတ်နည်းပညာကို ဝါသနာပါ၍ သင်တန်းတက်ခဲ့၍ သင်တန်းဆင်းလက်မှတ်ပင်ရခဲ့သည် ။ သင်တန်းဆ င်းလက်မှတ်ရသည့် နေ့က အိမ်ကို ဝမ်းသာစွာပြန်ခဲ့သည် ။

"မေမေရေ...၊ ဖူး သင်တန်းဆင်းလက်မှတ်ရခဲ့ပြီ"

"ဟုတ်လား၊ ဒါဆို သမီးဘာဆက်လုပ်မှာ လဲ"

"မေမေနဲ့ ဖေဖေကို နေ့တိုင်း တစ်မျိုးပြီးတစ်မျိုး လက်စွမ်းပြ ချက်

ကျွေးမယ်"

"ဟာ...ဒါဆို ဖေဖေတို့ ရဲ့ ဘတ်ဂျက်အတွက် ရင်လေးစရာပဲ မေကြီး ရေ....၊ ကုန်ဖို့ သာပြင်ထား"

ဖခင်က ဝင်ပြီးနောက်ပြောင်ကျီစယ်လိုက်သည်။

"ဖေကြီးရယ် မပူပါနဲ့ ၊ ဖေကြီးတို့ ဘတ်ဂျက်မထိခိုက်အောင် ဖူးကရှာကျွေးမှာ ပါ"

"ဟုတ်လား၊ ဘယ်လိုရှာကျွေးမှာ လဲ.....ပြောပါဦး"

"သဇင်နဲ့ ဖူးတိုင်ပင်ထားတယ် ဖေကြီးရဲ့ "

သူနှင့် သင်တန်းအတူတူတက်သော သဇင်ဆိုသည့် သူငယ်ချင်းနှင့် တိုင်ပင်ထားသည့် အလုပ်ကိစ္စကို ပြောသည်။

"သဇင်က သူ့မှာ မင်္ဂလာဆောင်တို့ မွေးနေ့တို့ အတွက် အော်ဒါမှာ တဲ့ သူတွေနဲ့ အဆက်အသွယ်ရှိတယ်တဲ့ "

"အင်း....ဟုတ်ပြီ၊ ဆက်ပြောပါဦး"

"အဲ့လို မင်္ဂလာဆောင်တို့ မွေးနေ့တို့ အကျွေးအမွေး အော်ဒါရရင် သ ဇင်နဲ့ ပူးပေါင်းပြီး လက်ခံမယ်လေ"

"သမီးတို့ က အများကြီးလုပ်နိုင်လို့ လား"

"အကူနည်းနည်းပါးပါးခေါ်လိုက်ရင် လုပ်နိုင်ပါတယ်၊ ဖေကြီးရဲ့ ၊ တ စ်ပွဲတစ်ပွဲမှာ ဖူးတို့ အမြတ်ကောင်းကောင်း ရမှာ ပါ"

"ဟုတ်လား၊ တွက်ချက်ပြီးပြီဆိုပါတော့"

"ဟုတ်ကဲ့ ဖေကြီး"

"သမီး သင်တန်းပြီးတဲ့ အကြောင်း ဘဘကိုပြောလိုက်သေးတယ်"

"ဟုတ်လား၊ ဘဘက ဘာပြောလဲဟင်"

"သူ့ရဲ့ ဟိုတယ်မှာ သမီးကိုသုံးလို့ ရပြီဆိုပြီး ဝမ်းသာနေတယ်"

"သူ့ဟိုတယ်က ငပလီမှာ ဟာ သမီးက ဘယ်လိုသွားကူပေးနိုင်မှာလဲ"

"တကယ်လိုအပ်ရင်တော့ သွားပေးလိုက်ပါသမီးရယ်"

ဦးစောမောင်ရဲ့ အစ်ကို ဦးစောအောင်သည် လူပျိုကြီးတစ်ယောက်ဖြစ်ပြီး ငပလီတွင် ကိုယ်ပိုင်ဟိုတယ်တစ်ခု ဖွင့်ထားသည် ။

ဟိုတယ်အစားအစာချက်ပြုတ်နည်း၊ စတီးဝပ်သင်တန်းကို ဖူးပွင့်ဝေ တက်သည့် အခါ သူက အလွန်အားပေးခဲ့သည် ။

ဦးစောအောင် ဟိုတယ်စ,ဖွင့်စကသာ ဖူးပွင့်ဝေတို့ မိသားစုသုံးယောက်က တစ်ခေါက်သာ သွားခဲ့ဖူးသည် ။ အသင့်အတင့်ကောင်းမွန်သော ဖလော်ရယ်ဟိုတယ်ကို ဦးစောအောင်က တည်ထောင်ဖွင့်လှစ် ခဲ့သည် ။

"ဘဘစောရဲ့ ဟိုတယ်ရော အခြေအနေကောင်းရဲ့ လားမသိဘူး"

"သမီးရဲ့ ဘဘက စီးပွားရေးကျနေတယ်လို့ ဖေဖေ့ကို ဖုန်းဆက်တုန်းကပြောတယ်"

"ဘဘစောကလဲနော်၊ တစ်ကိုယ်တည်းသမားဖြစ်ပြီး ဘာလို့ ဒါလောက်ပိုက်ဆံရှာနေရတာလဲ၊ အဲဒီ ဟိုတယ်ကြီးရောင်းပြီး ရန်ကုန်မှာ ဖူးတို့နဲ့ လာနေ ရသားပဲ"

"သမီးရဲ့ ဘဘစောလား လာနေမှာ ၊ စီးပွားရေးကိုလုပ်နေရမှ အသက်ရှည်တယ်လို့ ထင်တဲ့ လူကို ဟိုတယ်ရောင်းပစ်ဖို့ ဘယ်ပြောလို့ ရမလဲ

သမီးရယ်"

"ညကျရင် သမီးဘဘဆီ ဖုန်းဆက်ပြောလိုက်ပါဦး"

"ဟုတ်ကဲ့ ဖေဖေ"

ဖူးပွင့်ဝေက အလုပ်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်တော့မှာ မို့ ဝမ်းသာနေသည်။

"ဒီနေ့ပဲ မေမေတို့ ကို ကိတ်မုန့်ဖုတ်ကျွေးမလို့ ပစ္စည်းတွေဝယ်လာတယ်"

ဖူးပွင့်ဝေက ပလတ်စတစ်အိတ်ထဲက ဂျုံ၊ ထောပတ်စသည့် မုန့်ဖုတ်ပစ္စည်းများကို ထုတ်လိုက်သည်။

"နောက်နေ့မှ လုပ်ကျွေးပါကွယ်၊ သမီးမောနေပါဦးမယ်"

"ဒီနေ့ပဲ ဖုတ်ကျွေးချင်တာ မေမေရဲ့ "

"ကဲ....ဒီလောက်တောင်လုပ်ချင်ရင် လုပ်တော့ မတားတော့ဘူး"

ဖူးပွင့်ဝေက အဝတ်အစားလဲပြီး မုန့်ဖုတ်ရန်အတွက် စတင်ပြင်ဆင်ပါတော့သည်။

*****

တစ်ရက်နှစ်ရက်ခန့်အကြာမှာ သဇင်က ဖူးပွင့်ဝေထံသို့ ရောက်လာသည်။

"ဖူးရေ၊ မင်္ဂလာဆောင်တစ်ခုအတွက် ငါတို့ ကိုအပ်ပြီ၊ ပွဲဦးထွက်

ကောင်းကောင်း လေးလုပ်ပေးလိုက်ကြ မယ်နော်"

"ဟုတ်လား၊ ဘယ်တော့လဲ"

"မင်္ဂလာဆောင်က ရှေ့အပတ်ထဲမှာ ၊ နေ့လယ်ကို ယုဇနဟိုတယ်မှာ ဆောင်မှာ တဲ့ ၊ ညကို သူတို့ ခြံမှာ ဒင်နာကျွေးမယ်၊ ဘူဖေးလ်ပေါ့ဟယ်၊ ဘိုစာရော တရုတ်စာပါပါတယ်"

"ဟုတ်လား၊ လူဘယ်နှစ်ယောက်စာလဲ"

"တစ်ရာ့ငါးဆယ်လောက်လို့ ပြောတယ်"

"ဟုတ်လား၊ ငါတို့ နှစ်ယောက်က ဦးဆောင်ရမှာ လား"

"ဟုတ်တယ်"

"ငါတို့ အကူရှာရမှာ ပေါ့"

"အဲဒီအတွက် မပူပါနဲ့ ၊ ငါ့အစ်ကိုက သူစီစဉ်ပေးမယ်တဲ့ ၊ ဒီမင်္ဂလာ ဆောင်အဆက်အသွယ်ကိုလဲ သူပဲရှာခဲ့တာလေ"

"ဟုတ်လား၊ လိုအပ်တဲ့ ပစ္စည်းတွေ ငါတို့ ဘယ်တော့လောက် စ,ဝ ယ်မှာ လဲ"

"ကြိုတင်ဝယ်ထားလို့ ရတဲ့ အခြောက်အခြမ်း ချက်ပြုတ်စရာကို မန က်ဖြန်ပဲ စ,ဝယ်ထားမယ်"

"ကောင်းတယ်၊ ဝယ်ရမယ့်ပစ္စည်းစာရင်းဇယားကို ဒီနေ့ပဲ လုပ်ကြ တာပေါ့"

"ဟုတ်တယ်၊ တွက်ချက်ပြီး ပိုက်ဆံဘယ်လောက်ကြိုတောင်းရမယ် ဆိုတာ လုပ်မှ "

ဝယ်ရမည့် ပစ္စည်းများ အတွက် သူငယ်ချင်းနှစ်ယောက်ခေါင်းချင်း

ဆိုင်ပြီး တွက်ချက်ကြသည် ။ ပြီးသည့် အခါစာရင်းစာရွက်ကိုယူပြီး စရန်ငွေတောင်းရန် ထွက်ခဲ့ကြသည် ။

စရန်ငွေရပြီး လိုအပ်သည့် ပစ္စည်းများကို ဝယ်ခြမ်းကြသည် ။ စိတ်ပါဝင်စားပြီး အလွန်ပျော်ရွှင်နေသည့် အတွက် မောရမှန်း ပန်းရမှန်း မသိကြပါ။

ထိုနေ့က အိမ်သို့ မှောင်မှ ဖူးပွင့်ဝေပြန်ရောက်သည် ။

******

ညှော့ခံပွဲအတွက် ပွဲမကျင်းပမီ တစ်ရက်ကြိုတင်ကာ မုန့်ဖုတ်ခြင်း၊ နောက်တစ်နေ့ ချက်ပြုတ်ရန်အတွက် ပြင်ဆင်ခြင်းတို့ ကို သဇင်နှင့် ဖူးပွင့်ဝေတို့ လုပ်ကိုင်ကြသည် ။

ညှော့ခံကျွေးမွေးသည့် နေ့က ညှော့သည် များ ရဲ့ ချီးမွမ်းခြင်းကို သဇင်နှင့် ဖူးပွင့်ဝေတို့ ထိုက်တန်စွာ ရရှိလိုက်သည် ။

"သဇင်ရေ၊ ပွဲဦးထွက်မှာ တို့ တွေအောင်မြင်တာ ပျော်စရာကြီးနော်"

"ဟုတ်ပါရဲ့ ဖူးရယ်၊ ဒီအတိုင်းဆိုင်ရင် ငါတို့ အလားအလာကောင်းသွားပြီး"

"အေး မှတ်ထားနော်"

"ကိုဦးကပြောတယ်၊ မကြာခင်မှာ နောက်ထပ်ပွဲတစ်ခုအတွက် ငါတို့ ပြင်ဆင်ရလိမ့်မယ်တဲ့ "

"နင့်အစ်ကို ကျေးဇူးရှင်ကြီးကို ပြောလိုက်ပါဟယ်၊ ငါက

အရမ်းကျေးဇူးတင်တယ်လို့ "

"ပြောလိုက်မယ် ကိုဦးက စောစောစီးစီးမိန်းမယူလိုက်တာ နာတယ်ကွာ၊ နို့မို့ဆိုရင် နင်နဲ့ ပေးစားလိုက်ရင် အမှန်အကန်ပဲ"

"တော်စမ်းပါ မိသဇင်ရယ်၊ ခုမှ လွတ်တဲ့ ငါး ကြီးတယ်ဆိုတာမျိုးလုပ်မနေပါနဲ့ "

ပြောမနာဆိုမနာ သူငယ်ချင်းနှစ်ယောက်၊ တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင်ကျီစယ် နေကြသည် ။

ထိုနေ့ညက စားသောက်စရာတစ်ပွဲ့တစ်ပိုက်နှင့် ပထမဆုံးလုပ်ခကို ပိုက်ပြီး ဖူးပွင့်ဝေအိမ်သို့ ပြန်ခဲ့သည် ။

"သမီးလေးပြန်တာ နောက်ကျလိုက်တာ"

မိခင်ဒေါ်သီရိက ကားသံကြားသည် နှင့် ထွက်ကြိုပြီးပြောသည် ။

"ဟုတ်တယ်မေမေရေ၊ ပွဲပြီးမှ ဖူးတို့ ပြန်ရတာလေ"

"ဒီအထုပ်က ဘာတွေလဲ"

"ဖူးရဲ့ ခွဲတမ်းလေ၊ မေမေတို့ စားဖို့ ယူခဲ့တာ"

"အများကြီးပါလားကွယ်"

"ဒီမုန့်တွေက နောက်တစ်နေ့အထိ အထားခံတယ် မေမေရဲ့ "

"ဩော်....ဟုတ်လား"

"ဧည့်ခန်းမှာ ဖေဖေနဲ့ အတူ လာထိုင်ပါဦးမေမေ"

"ဘာလုပ်မလို့ လဲ သမီးရဲ့ "

"လာပါမေမေရယ်"

ထမင်းစားခန်းဆီသို့ လှည့်ထွက်ရန်ပြင်နေသော မိခင်ရဲ့ လက်ကိုဆွဲပြီး ဧည့်ခန်းဆီသို့ ခေါ်လာသည် ။ နှစ်ယောက်ထိုင်ကုလားထိုင်မှာ ထိုင်နေသော ဦးစောမောင်က သတင်းစာဖတ်နေရာကနေ မျက်မှန်ကိုကျော်ပြီး သူတို့ ကိုကြည့်သည် ။

"သားအမိနှစ်ယောက် ဘာဖြစ်နေတာလဲ"

"အဖေကြီး သမီးလေ၊ ဒီမှာ ကျွန်မကိုလာထိုင်ခိုင်းလို့ "

"ဟုတ်တယ်ဖေဖေ၊ ဖေကြီးအနားမှာ ထိုင်ပါ"

"အေးအေး"

ဒေါ်သီရိက ဦးစောမောင်ရဲ့ ဘေးမှာ ဝင်ထိုင်လိုက်သည် ။ ဖူးပွင့်ဝေက ကြမ်းပြင်ပေါ်ထိုင်ချလိုက်ပြီး စလင်းဘတ်ထဲက ငွေတစ်ထပ်ကိုထုတ်လိုက်သည် ။ အနီးရှိ ယွန်းဗန်းလေးကို လှမ်းယူပြီး ငွေတစ်ထပ်ကို ထိုဗန်းပေါ်သို့တင်လိုက်သည် ။

"ဖေကြီးနဲ့ မေမေကို ဖူးရဲ့ ပထမဦးဆုံးဝင်ငွေနဲ့ ကန်တော့ပါတယ်"

"ပိုက်ဆံတွေက အများကြီးပါလား သမီးရယ်"

"အဲဒါ ဖူးရဲ့ လုပ်ခအားလုံးပါ မေမေ"

"မေမေတို့ ကို အားလုံးကန်တော့လိုက်တော့ သမီးအတွက် ဘယ်ကျန်တော့မလဲ"

"ဖူးမှာ နည်းနည်းပါးပါးသုံးဖို့ ကျန်ပါသေးတယ်"

ဖူးပွင့်ဝေက လက်နှစ်ဖက်ကိုချီပြီး စတင်ကန်တော့ပါသည် ။

"ကျေးဇူးရှင်ဖေဖေနဲ့ မေမေ့ကို ဖူးရဲ့ ပထမဦးဆုံးလုပ်အားခနဲ့ ကန်တော့တာ ခံယူပါနော်"

လိမ္မာရေးခြားရှိလွန်းသော သမီးလေးကိုကြည့်ပြီး မိဘနှစ်ပါးလုံး ဝမ်းသာလွန်း၍ မျက်ရည်များ ပင် လည်နေသည် ။ ဖူးပွင့်ဝေအား ရှည်လျားသောဆုများကိုပေးသည် ။

"ကဲ မေကြီးရေ၊ သမီးလေးကို မုန့်ဖိုးပြန်ပေးလိုက်ဦးလေ"

"ဖူးမလိုချင်ပါဘူး"

"မလိုချင်လဲ မိဘကပေးတာဆိုရင် ယူရတယ်"

ဦးစောမောင်က ဖူးပွင့်ဝေကို ချစ်မြတ်နိုးယုယစွာကြည့်ရင်းနှင့် ပြောသည် ။

ဖူးပွင့်ဝေ ကန်တော့သောငွေထဲက ဒေါ်သီရိက ခွဲပေးလိုက်ရာ ငွေကို ဖူးပွင့်ဝေက လက်နှစ်ဖက်ဖြင့် လှမ်းယူလိုက်သည် ။

*****